ဆန်းကျော်စွာဝင်း

# Second Call



ဘဝမှာ ဆူဆိုက်လုပ်ဖို့ အထိ
စိတ်ဓာတ်ကျချိန်တွေ ရှိတယ်

သတ်မသေရဲတဲ့ အဆုံး
ကဗျာဆရာ ဖြစ်ချင်ခဲ့

အခု
ကဗျာတွေနဲ့ ငါ့ကိုယ်ငါ သတ်တိုင်း
အရင်တုန်းက ဆူဆိုက်မလုပ်မိတာ
နောင်တရပြန်တယ်..

ဆန်းကျော်စွာဝင်း
Second Call

***

# Second Call အကြောင်း စပ်မိစပ်ရာ

၂၀၁၇ ဒီဇင်ဘာလထဲ စကားလုံးရုပ်ရှင် ကဗျာစာအုပ်ထွက်တယ်၊ ဒီစာရေးတဲ့ ၂၀၁၈ ဩဂုတ်လအထိ ထပ်ရိုက်နေရဆဲ။ ကဗျာရေးသူ တစ်ယောက်အနေနဲ့ ပျော်ရွှင်မိတယ်။

သို့သော် စိတ်အရေပြားယားလို့ ရေးမိတဲ့ ကဗျာတွေ များ လာတဲ့အခါ ဒုတိယအုပ်လေး လုပ်ချင်စိတ်ဖြစ်တယ်၊ ကျွန်တော်တို့ က ကိုယ့်အနာ ကိုယ်ဆွရင်း ပျော်နေကြတာ မဟုတ်လား။ အခုလည်း ကျွန်တော့်အနာကို ခြစ်ထုတ် တူးဆွထားသမျှ ခင်ဗျားတို့ ထံ ပို့လိုက်တယ်။

ဖတ်ပြီး ပျော်ရွှင်ကြရင်

ကဗျာရေးသူအတွက် တန်ပါပြီ

ဒါထက်ပိုပြီး

ဖတ်ပြီး နာကျင်ကြရင် ဇာတ်သိမ်းပါပြီ။

***

Second Call..

ခင်ဗျားတို့ ဘဝမှာ မျှော်လင့်တကြီး ဖုန်းခေါ်မိချိန်
တစ်ဖက်က တစ်စုံတစ်ယောက်နဲ့ ဖုန်းပြောနေလို့
ကိုယ့်ခေါ်ဆိုမှုဟာ သူ့ဘက်မှာ
Second Call ဖြစ်နေတဲ့ အခါမျိုး ကြုံဖူးလား
မကိုင်တဲ့ ဖုန်းကို ဘယ်သတ္တိနဲ့ ဆက်ကြမလဲ

ကျေးဇူးပြု၍ ဖုန်းကိုင်ထားပြီး
ခေတ္တ စောင့်ဆိုင်းပေးပါရှင် ဆိုတာမျိုး

စောင့်ခဲ့တယ်
ဖုန်းပြောလို့ ပြီးချိန်ထိ
ငါစောင့်ခဲ့တယ်
ဘဝတစ်ခုဟာ ဘယ်လောက်ကြာလဲ
ဘယ်ဘဝရောက်မှ ဖုန်းပြောပြီးမှာ လဲ

Second Call လေး စောင့်နေတယ်..

ရွက်ကြွေလေး မျှော်နေတယ်

ရွက်သစ်ဝေသစ်ပင် ဖုန်းခေါ်မယ်အထင်နဲ့

ကောင်းကင်ထံ ပြန်မရောက်တော့မယ့်

မြက်အဖျားမှာ တွဲခိုတဲ့ နှင်းလေး

ရစ်ဘီးလေး မျှော်နေတယ်

စွန်ကလေး ဖုန်းခေါ်မယ့်ချိန်

ခေါင်ရန်းပန်းကို

ဘယ်လိပ်ပြာများ ဖုန်းခေါ်ချင်မလဲ..

ထားပါတော့

အခု ကျွန်တော်တို့

Second Call လေး ခေါ်ကြည့်ရအောင်

***

လောကနီတိ

မျက်လုံးချင်းဆုံလို့ ရင်ခုန်ရင်
မုန့်အတူစားလို့ ရပြီ

မတော်တဆ အသားချင်းထိတဲ့ အခါ
ရင်ဘတ်ထဲ မြင်းတစ်ကောင် ဖြတ်ပြေးရင်
ရည်းစားဖြစ်လို့ အဆင်ပြေပြီ

တစ်ဦးက တစ်ဦးကို
တောင်းပန်စရာမလိုဘဲ ခွင့်လွှတ်နိုင်ရင်
ငွေကြိုစုကြမယ်

တစ်ယောက်မျက်လုံး
တစ်ယောက်စိုက်ကြည့်ရုံနဲ့
မပြောတဲ့ စကားတွေ နားလည်တဲ့ အခါ

လက်ထပ်ခြင်းမှ တစ်ပါး အခြားမရှိပါ

အပြစ်တွေ
မလုပ်ခင်က ကြိုခွင့်လွှတ်တဲ့ အခါဝယ်
ဆည်းလည်း လေးတွေ မွေးကြမယ်

မွေးပြီးနောက်
မတော်တဆ အသားချင်းထိမိလို့
ရင်ဘတ်ထဲ မြင်းတစ်ကောင် ဖြတ်ပြေးရင်
ဒီတစ်ဘဝတော့ မျက်ရည်ကျဖို့ မရှိတော့

ခါးကုန်း အဖိုးအိုကြီးက
သွားမပါတဲ့ အမယ်အိုကြီးအပြုံးကို ငေးရင်း
မျက်လုံးချင်းဆုံလို့ ရင်ခုန်မိတဲ့ အခါ
နောက်ဘဝ နားမယ့်ကိုင်းလေး တွေ့ပြီမို့
ပျော်ရွှင်စွာ သေလို့ ရပါပြီ။ ။

ဆန်းကျော်စွာဝင်း

***